# စနစ်ဆိုးရဲ့ အဖြစ်ဆိုး

စစ်အာဏာရှင်ဖဝါးအောက်

ပြားပြားရောက် ငါးပါးမှောက်ရတဲ့ပြည်သူတွေ

ဘယ်သူတွေလဲ လို့ မမေးနဲ့ ငါတို့မြန်မာတွေဘဲပေါ့။

သေနတ်ကိုခါးထိုး အမျိုးမျိုးခြိမ်းခြောက်

အဟိန်းဟောက်ခံပြည်သူတွေ

ဘာလူမျိုးလဲမမေးနဲ့ ငါတို့မြန်မာတွေဘဲပေါ့။

မင်းကျင့်တရားဆယ်ပါး ခြောက်ပါးသောနာယကဂုဏ်

ဘာယုံချင်စရာရှိသလဲ ဘာကြည်ညိုစရာရှိသလဲ

ပြည်သူထဲဝင်အဖြေရှာ အဖြေဟာနတ္ထိ ဗလာအတိ။

န.အ.ဖ(စစ်အစိုးရ)က ဇာတ်တူသားစား အမျိုးသားရေးလို့ကြွေးကြော်

N.L.D အပေါ်တောက်လျှောက် ပါတီပျောက်ဖို့ကြံရွယ်

သတင်းအသွယ်သွယ်နဲ့မီဒီယာတွေသုံး လုံးပါးပါးပေါ့ မြန်မာပြည်။

ကျန်စစ်သားကြားရင်ရီလိမ့်မယ် လေုံးလက်ဖယ်ဆိုပိုဆိုး

ညောင်ဦးဖီးနဲ့ငထွေရူးလို ပုဂံခေတ်သူရဲကောင်းများ

ခုခေတ်ဗိုလ်ချုပ်များနဲ့ နှိုင်းယှဉ်ကြည့်

လုပ်ရပ်တွေတဟားဟားနဲ့ ရီလိုက်ရမဲ့အမျိုး။

အပိုးမကျိုးတဲ့ နအဖ စစ်တပ်ပေါ့

တခန်းမရပ်တဲ့ပြဇာတ်ရှည်ကြီးထဲ တဝဲတလည်လည်

မြန်မာစစ်တပ်ရဲ့ကျွန်ပြုခံလူတန်းစား

နောက်ဆုံးမတော့ ကျုပ်တို့မြန်မာများပါဘဲကလား။

လေးလေးအို(ဥဿာမြေ)